သို့
ကုလသမဂ္ဂအထွေထွေညီလာခံ အဖွဲ့ဝင်နိုင်ငံများ၏ အမြဲတမ်းကိုယ်စားလှယ်များ

၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁၀ ရက်

**အကြောင်းအရာ။ ။ ကုလသမဂ္ဂအထွေထွေညီလာခံတွင် သံအမတ်ကြီး ဦးကျော်မိုးထွန်းကို မြန်မာနိုင်ငံ၏ အမြဲတမ်းကိုယ်စားလှယ် အဖြစ် ဆက်လက်အသိအမှတ်ပြုရန်အတွက် အိတ်ဖွင့်ပေးစာ ပေးပို့ခြင်း။**

ဂုဏ်သရေရှိသော လူကြီးမင်းများရှင်/ခင်ဗျား

အောက်တွင် လက်မှတ်ရေးထိုးထားသော ကျယ်ပြန့်သည့် အင်အားစုကို ကိုယ်စားပြုသော မြန်မာနိုင်ငံနှင့် နိုင်ငံတကာရှိ အရပ်ဘက်လူထုအဖွဲ့အစည်း ၃၅၈ ဖွဲ့မှ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့တွင် စတင်ကျင်းပရန် စီစဉ်ထားသည့် ကုလသမဂ္ဂအထွေထွေညီလာခံ (UNGA) ၏ ၇၆ ကြိမ်မြောက် ညီလာခံ သက်တမ်းတွင် ကုလသမဂ္ဂ (UN) ဆိုင်ရာ မြန်မာနိုင်ငံ၏ လက်ရှိအမြဲတမ်း ကိုယ်စားလှယ်ဖြစ်သော သံအမတ်ကြီး ဦးကျော်မိုးထွန်းကို ၎င်း၏ လက်ရှိတာဝန် ရာထူးနေရာတွင် ဆက်လက်ထားရှိရေး အာမခံချက်ရှိစေရန် UNGA အဖွဲ့ဝင်နိုင်ငံများ၏ အမြဲတမ်းကိုယ်စားလှယ်များကို တိုက်တွန်းတောင်းဆို လိုက်သည်။

သံအမတ်ကြီး ဦးကျော်မိုးထွန်းသည် မြန်မာနိုင်ငံ၏ လက်ရှိတရားဝင်ကိုယ်စားလှယ်ဖြစ်ပြီး ၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် UN ၏ အထောက်အထားစိစစ်ရေးကော်မတီ (Credentials Committee) မှ ဦးကျော်မိုးထွန်း၏ တရားဝင်မှု အထောက်အထားများကို လက်ခံခဲ့ပြီး ဒီဇင်ဘာလ ၁ ရက်နေ့တွင် UNGA က အတည်ပြုခဲ့သည့် UNGA ၏ ၇၅ ကြိမ်မြောက် ညီလာခံသက်တမ်းတစ်လျှောက်တွင် မြန်မာနိုင်ငံကို ကိုယ်စားပြုခဲ့သည် (A/RES/75/19)။ ဦးကျော်မိုးထွန်းကို UN ဆိုင်ရာ မြန်မာနိုင်ငံ၏ အမြဲတမ်းကိုယ်စားလှယ်အဖြစ် ၂၀၁၆ ခုနှစ်တွင် စတင် အုပ်ချုပ်ခဲ့သော ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခံခဲ့ရသည့် မြန်မာနိုင်ငံ၏ အစိုးရက တာဝန်ပေးခဲ့ခြင်း ဖြစ်သည်။ ယခုအခါတွင် ဦးကျော်မိုးထွန်း၏ တရားဝင်မှု အထောက်အထားများကို ရွေးချယ်တင်မြှောက် ခံထားရသော လက်ရှိမြန်မာနိုင်ငံအစိုးရက အသစ်ထပ်မံ တာဝန်ပေးအပ်ထားသည်။

၂၀၂၀ ခုနှစ် နိုဝင်ဘာလ၏ လွတ်လပ်၊ မျှတပြီး ယုံကြည်ထိုက်သော အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရခဲ့သည့် အစိုးရအသစ်သည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ဖွဲ့စည်းကာ မတ်လတွင် အာဏာလွှဲယူ စတင်အုပ်ချုပ်ရမည် ဖြစ်သည်။ လွတ်လပ်သော ရွေးကောက်ပွဲများ အာရှကွန်ရက် (ANFE)၊ နှင့် ကာတာစင်တာ တို့အပါအဝင် ယုံကြည်ရလောက်သော ရွေးကောက်ပွဲ စောင့်ကြည့်ရေး အဖွဲ့အစည်းများ၏ လေ့လာချက်အရ ထိုအထွေထွေရွေးကောက်ပွဲ၏ ရလဒ်သည် မြန်မာပြည်သူများ၏ ဆန္ဒကို ထင်ဟပ်ခဲ့ကြောင်း သတ်မှတ်ခဲ့ကြသည်။ သို့ရာတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာစစ်တပ်မှ လွှတ်တော်အသစ်

ခေါ်ယူရေး မဖြစ်မြောက်စေရန် ကိုယ်ထိလက်ရောက် တားမြစ်ခဲ့ပြီး ရွေးကောက်တင်မြှောက် ခံထားရသော လွှတ်တော်ကိုယ်စားလှယ်များကို အဓမ္မဖမ်းဆီးထိန်းသိမ်းကာ အာဏာသိမ်းရန် ကြိုးပမ်းခဲ့သည်။

ထိုအချိန်မှစ၍ အာဏာသိမ်းမှု ဆန့်ကျင်သည့် ကြီးမားကျယ်ပြန့်သော လှုပ်ရှားမှုကြီး နိုင်ငံတစ်ဝှမ်းတွင် ပေါ်ပေါက်ခဲ့သည်။ မြန်မာနိုင်ငံကို အဓမ္မနည်းဖြင့် အာဏာရယူရန် အားထုတ်ခဲ့သော စစ်အုပ်စု၏ ကြိုးပမ်းမှုသည် လက်ရှိအချိန်ထိ ဖြစ်ပွားနေဆဲဖြစ်သော ဆန္ဒပြပွဲများ၊ သပိတ်မှောက်မှုများ၊ နှင့် အစိုးရ ဝန်ထမ်းများ၊ ပုဂ္ဂလိကကဏ္ဍဝန်ထမ်းများနှင့် အရပ်သားများ၏ အားကောင်းသော လူထုအာဏာဖီဆန်ရေး လှုပ်ရှားမှု (CDM) များ၏ ညီညွတ်သော ပူးပေါင်းခုခံတွန်းလှန်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ အစိုးရဝန်ထမ်းပေါင်း ၄၀၀,၀၀၀ ကျော်မှာ ဖေဖော်ဝါရီလမှစ၍ စစ်အုပ်စုကို ဆန့်ကျင်သပိတ်မှောက်ခဲ့ကြသည်။ အာဏာသိမ်းမှုကို ဆန့်ကျင်သော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (EAO) များက ကျယ်ပြန့်သော မြန်မာနိုင်ငံ၏ နယ်စပ်တစ်လျှောက် နယ်မြေများကို ဆက်လက်ထိန်းချုပ်ထားကြသည်။

စစ်အုပ်စုသည် ၎င်း၏ အာဏာလုယူထိန်းချုပ်ရန် ကြိုးပမ်းမှုတွင် ပြည်သူများကို သတ်ဖြတ်ခြင်း၊ ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းခြင်း၊ မုဒိမ်းကျင့်ခြင်း၊ နှိပ်စက်ညှင်းပန်းခြင်း၊ နှင့် အိမ်နှင့် ရွာများကို လုယက်ဖျက်ဆီးခြင်းများ လုပ်ဆောင်နေလျက်ရှိသည်။ ဖေဖော်ဝါရီလမှစ၍ စစ်အုပ်စုသည် အနည်းဆုံး ကလေးငယ် ၇၅ ဦးအပါအဝင် လူဦးရေ ၁,၀၅၈ ဦးကို သတ်ဖြတ်ခဲ့ပြီး ၇,၉၉၂ ဦးကိုလည်း ဖမ်းဆီးခဲ့သည်။ ဤအခြေအနေကို ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်က ဤရက်စက်ကြမ်းကြုတ်သော နည်းနာများမှာ လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သော ရာဇဝတ်မှုများ အပါအဝင် နိုင်ငံတကာဥပဒေများအောက်ရှိ ရာဇဝတ်မှုမြောက်သည့် လူထုကို အကြောက်တရား လွှမ်းမိုးစေရေး ရည်ရွယ်လုပ်ဆောင်နေခြင်း ဖြစ်သည်ဟု ဖော်ပြခဲ့သည်။ စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်သော အကြမ်းဖက်မှုများနှင့် ဖိနှိပ်မှုများ ရှိနေသော်လည်း ပြည်သူများသည် ဆက်လက်၍ အာဏာဖီဆန် တွန်းလှန်နေလျက်ရှိသဖြင့် အာဏာသိမ်းမှုသည် လုံးဝ မအောင်မြင်ပေ။

ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် လုပ်ခဲ့သော UNGA ၏ အလွတ်သဘောဆွေးနွေးသည့်အစည်းအဝေးတွင် သံအမတ်ကြီး ဦးကျော်မိုးထွန်းက ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းမှုကို လုံးဝရှုတ်ချခဲ့ပြီး UN အဖွဲ့ဝင်နိုင်ငံများကို မြန်မာစစ်အုပ်စုအား အသိအမှတ်ပြုခြင်း သို့မဟုတ် တရားဝင်မှုရရှိစေခြင်း မလုပ်ဆောင်ရန် တောင်းဆိုခဲ့သည်။ ထိုအချိန်မှစ၍ ရွေးချယ်တင်မြှောက်ခံထားရသော လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးမျိုးသော တိုင်းရင်းသား အစုအဖွဲ့တို့၏ ကိုယ်စားလှယ်များနှင့် အရပ်ဘက်လူထုအဖွဲ့အစည်းများ၏ ခေါင်းဆောင်များမှ ၂၀၂၁ ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင် ဖွဲ့စည်းလိုက်သော အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ကိုယ်စား သံအမတ်ကြီး ဦးကျော်မိုးထွန်းက မြန်မာနိုင်ငံကို ဆက်လက်ကိုယ်စားပြုခဲ့သည်။ NUG အစိုးရသည် လိုအပ်သော သက်ဆိုင်ရာ ဝန်ကြီးဌာနများဖြင့် ၎င်း၏အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး COVID-19 အကျပ်အတည်းနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ခြင်းအား ကြီးကြပ်ခြင်းတို့အပါအဝင် မြန်မာပြည်သူများအား တန်ဖိုးရှိသော ဝန်ဆောင်မှုများကို ပေးနေလျက်ရှိသည်။

ဇွန်လတွင် UNGA က မြန်မာနိုင်ငံအပေါ် ချမှတ်သည့် ဆုံးဖြတ်ချက်အမှတ် (A/RES/75/287) တွင် "၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ မြန်မာစစ်တပ်၏ လက်နက်ကိုင်တပ်ဖွဲ့များမှ အလွန်အကျွံနှင့် သေစေလောက်သော အကြမ်းဖက်မှု" ဟုဆိုကာ အပြင်းထန်ဆုံးသော စကားလုံးများဖြင့် ရှုတ်ချခဲ့သည်။ ထို့အပြင် မြန်မာစစ်တပ် အနေဖြင့် "၂၀၂၀ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့ အထွေထွေရွေးကောက်ပွဲတွင် လွတ်လပ်စွာထုတ်ဖော်ခဲ့ကြပြီးသည့် အတိုင်း ပြည်သူများ၏ဆန္ဒကို လေးစားရန်" အတွက်လည်း တောင်းဆိုခဲ့သည်။ ထိုဆုံးဖြတ်ချက်တွင် ကချင်၊ ကရင်၊ ကရင်နီ၊ ရခိုင်၊ ရှမ်းနှင့် ချင်းပြည်နယ်တောင်ပိုင်း အပါအဝင် တိုင်းရင်းသားနယ်မြေများရှိ EAO များနှင့် မြန်မာစစ်တပ်တို့အကြား ပဋိပက္ခများသည် အာဏာသိမ်းပြီးချိန်မှစ၍ ပိုမိုကြီးထွားလာနေပြီး လူပေါင်း ၂၃၀,၀၀၀ ကျော်ကို အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်စေလျက်ရှိရာ "မြန်မာ[စစ်တပ်၏] လက်နက်ကိုင်တပ်ဖွဲ့များ ကျူးလွန်သော ရာဇဝတ်မှုများသည် အပြစ်ပေး အရေးယူခံရခြင်းမှ အစဉ်တစိုက် ကင်းလွတ်ခွင့်ရနေခြင်း" အပေါ် ကိုလည်း စိုးရိမ်ကြောင်း ဖော်ပြခဲ့သည်။

အာဏာသိမ်းမှုကို ရှုတ်ချသည့် UN အဖွဲ့ဝင်နိုင်ငံများ၏ ထိုသို့သော နိုင်ငံရေးဖော်ပြမှုမှာ ထူးခြားထင်ရှား ပေသည်။ လွန်ခဲ့သည့် ဆယ်စုနှစ် ၃ ခုကျော်အတွင်းတွင် အခြားသော UNGA ဆုံးဖြတ်ချက် ၃ ခုကသာ အာဏာသိမ်းမှုကို ရှုတ်ချခဲ့ဖူးသည်။ ၎င်းသည်မှာ ဟေတီနိုင်ငံ (၁၉၉၁)၊ ဘူရွန်ဒီနိုင်ငံ (၁၉၉၃) နှင့် ဟွန်ဒူးရပ်စ်နိုင်ငံ (၂၀၀၉) များနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များ ဖြစ်သည်။ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်ကို ဆန့်ကျင်မှု ၁ မဲ (ဘဲလာရုစ်နိုင်ငံ)၊ မဲမပေးဘဲကြားနေသူ ၃၆ နိုင်ငံ၊ နှင့် ထောက်ခံသည့် အဖွဲ့ဝင် ၁၁၉ နိုင်ငံ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် ချမှတ်ခဲ့သည်။ မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်ဖြစ်သော သံအမတ်ကြီး ဦးကျော်မိုးထွန်းမှ ၎င်းဆုံးဖြတ်ချက်ကို ထောက်ခံမဲ ပေးခဲ့သည်။ အာဏာသိမ်းရန် ကြိုးပမ်းခဲ့ချိန်မှစ၍ သံအမတ်ကြီးဦးကျော်မိုးထွန်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခံထားရသော အစိုးရနှင့် ပြည်သူများကို UN တွင် အရေးကြီးသော ကိုယ်စားပြုမှုကို ပေးခဲ့သည်။

မှတ်သားလောက်စရာဖြစ်သည်မှာ ၂၀၂၁ ခုနှစ် မတ်လ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဥက္ကဋ္ဌ၏ ထုတ်ပြန်ကြေညာချက်တွင် မြန်မာနိုင်ငံ၏ အခြေအနေအပေါ် အလွန်အမင်း စိုးရိမ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပြီး စစ်အုပ်စုက တရားမဝင် ထိန်းသိမ်းခဲ့သော လွှတ်တော်ကိုယ်စားလှယ်များကို "အစိုးရအဖွဲ့ဝင်များအဖြစ်" ရည်ညွှန်းဖော်ပြခဲ့သည်။ ၎င်း UNGA နှင့် လုံခြုံရေးကောင်စီတို့၏ ထုတ်ပြန် ကြေညာချက်များက ဖော်ပြသည်မှာ စစ်အုပ်စု၏ လုပ်ဆောင်ချက်များသည် UN ကြေညာစာတမ်း၏ ရည်ရွယ်ချက်များ၊ အခြေခံမူများနှင့် ဆန့်ကျင်နေပြီး နိုင်ငံတကာအသိုင်းအဝိုင်း၏ ရှင်းလင်းသော ရှုတ်ချမှုလည်း ဖြစ်သည်။

သို့ဖြစ်ရာ မိမိတို့အနေဖြင့် အထောက်အထားစိစစ်ရေးကော်မတီအား ကုလသမဂ္ဂအထွေထွေညီလာခံမှ UNGA ၏ ၇၆ ကြိမ်မြောက် ညီလာခံသက်တမ်းအတွက် သံအမတ်ကြီး ဦးကျော်မိုးထွန်း၏ တရားဝင်မှု အထောက်အထားများကို လက်ခံပြီး ၎င်း၏လက်ရှိ ရာထူးတာဝန်နေရာတွင် ဆက်လက်ကိုယ်စားပြုနိုင်ရေး

ထောက်ခံမှုပေးရန် တိုက်တွန်းတောင်းဆိုသည်။ သံအမတ်ကြီး ဦးကျော်မိုးထွန်းသည် ပြည်သူများက ရွေးချယ်တင်မြှောက်ထားသော မြန်မာကိုယ်စားလှယ်များ၏ တာဝန်ပေးခံရသူ ဖြစ်သည်။ ၎င်း၏ တရားဝင်မှု အထောက်အထားများကို လက်ခံရန် ထောက်ခံခြင်းမှာ မကြာသေးမီက ရွေးကောက်ပွဲတွင် ပြတ်သားစွာ ဖော်ပြလိုက်သော မြန်မာပြည်သူတို့၏ သဘောထားကို လေးစားရာရောက်ပြီး ၂၀၂၁ ခုနှစ် ဇွန်လတွင် ချမှတ်ခဲ့သော UNGA ၏ မြန်မာနိုင်ငံအပေါ် ဆုံးဖြတ်ချက်နှင့် လုံခြုံရေးကောင်စီ၏ ထုတ်ပြန်ကြေညာချက်များနှင့်လည်း တစ်သားတည်းဖြစ်မည် ဖြစ်သည်။[1]

ထို့အပြင် တရားမဝင် စစ်အုပ်စုမှ အဆိုပြုလာသော ကိုယ်စားလှယ်များ၏ အထောက်အထားများကို ပယ်ချရန်လည်း မိမိတို့မှ အထောက်အထားစိစစ်ရေးကော်မတီကို တိုက်တွန်းတောင်းဆိုသည်။ စစ်အုပ်စုသည် ဒီမိုကရေစီနည်းကျ တရားဝင်မှု မရှိဘဲ အစိုးရလုပ်ငန်းများ လည်ပတ်စေရန် တည်ထောင်နိုင်ခြင်းမရှိ၊ မြန်မာနိုင်ငံ၏ နယ်မြေများကိုလည်း ထိရောက်စွာ ထိန်းချုပ်မှု မရှိသည့်အပြင် ၎င်းသည် နိုင်ငံတကာ ရာဇဝတ်မှုများကို အစဉ်တစိုက် ကျူးလွန်လာခဲ့သူ ဖြစ်သည်။ စစ်အုပ်စုမှ ကျောထောက်နောက်ခံပေးထားသော ကိုယ်စားလှယ်များအတွက် မည်သည့်ထောက်ခံမှု မဆိုသည် ၂၀၂၁ ခုနှစ် UNGA ၏ ဆုံးဖြတ်ချက်ကို ဆန့်ကျင်ပြီး ကုလသမဂ္ဂ၏ ကြေညာစာတမ်းတွင် ချမှတ်ထားသည့် တန်းတူရေး၊ လူ့အခွင့်အရေး နှင့် အခြေခံလွတ်လပ်ခွင့်၏ အခြေခံမှုများကို ဆန့်ကျင်ကာ အာဏာသိမ်းရန် ကြိုးပမ်းစဉ်ကတည်းက မြန်မာနိုင်ငံကို အကြမ်းဖက်ခဲ့သော စစ်အုပ်စုကိုသာ ပိုမိုအတင့်ရဲစေမည်ဖြစ်သည်။

နောက်ဆုံးအနေဖြင့် UNGA တွင် မြန်မာနိုင်ငံ၏ နေရာကို မြန်မာနိုင်ငံကိုယ်စားလှယ် အထောက်အထား အပေါ် ဆုံးဖြတ်ချက် မချမှတ်နိုင်ဘဲ အလွတ်ထားခြင်း သို့မဟုတ် သံအမတ်ကြီး ဦးကျော်မိုးထွန်းအား အသံတိတ်သွားစေရန် အခြားသော အပေးအယူများ ရှိနိုင်ခြင်း အလားအလာကိုလည်း မိမိတို့မှ တင်ပြဆွေးနွေး လိုပါသည်။ UNGA တွင် မြန်မာနိုင်ငံ၏ ပါဝင်မှုသည် "အဖွဲ့ဝင်၏ အရေးကြီးသော အခွင့်အရေးနှင့် အထူးအခွင့်အရေး ဖြစ်သည်။" UN တွင် မြန်မာနိုင်ငံ၏ နေရာကို အလွတ်ထားခြင်း သို့မဟုတ် သံအမတ်ကြီးကို အသံတိတ်စေခြင်းသည် အထောက်အထားစိစစ်ရေး လုပ်ငန်းစဉ်၏ ဆုံးဖြတ်ချက်အရ အခွင့်အရေးကို ဆိုင်းငံ့ထားရာ ရောက်မည်ဖြစ်သည့်အတွက် UN ကြေညာစာတမ်း၏ ပုဒ်မ ၁ နှင့် ၂ တွင် ချမှတ်ထားသော ရည်ရွယ်ချက်များနှင့် အခြေခံမူများကို ဆန့်ကျင်ရာလည်း ရောက်ပေသည်။ ထို့အပြင် ထိုသို့လုပ်ခြင်းသည် ၂၀၂၀ ခုနှစ်တွင် ကျင်းပခဲ့သော မြန်မာနိုင်ငံ၏ ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲ၏ ရလဒ်ကို ပစ်ပယ်ရာလည်း

---

1 ကုလသမဂ္ဂဆုံးဖြတ်ချက်၏ [A/RES/396 (v)] တွင် ဖော်ပြထားသည့်အတိုင်း ကုလသမဂ္ဂတွင် အဖွဲ့ဝင်တစ်နိုင်ငံက ကိုယ်စားပြုရန် အစိုးရအဖြစ် ကြေညာမှုတွင် အငြင်းပွားခဲ့ပါက မေးခွန်းများကို "ကြေညာစာတမ်း၏ ရည်ရွယ်ချက်များနှင့် အခြေခံမူများအရ ထည့်သွင်းစဉ်းစားရမည်။" ယခုအိတ်ဖွင့်ပေးစာတွင် ထည့်သွင်းဖော်ပြသော အကြောင်းရင်းများသည် မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ စိုးမိုးရေး အာမခံချက် ရှိစေရန် နှင့် ကုလသမဂ္ဂကိုယ်တိုင်၏ အခြေခံမူများနှင့် ကြေညာချက်ကို ရှင်းလင်းစွာ လိုက်နာရေး ထပ်မံအတည်ပြုမှုဖြစ်ရန်မှာ မြန်မာနိုင်ငံ၏ အမြဲတမ်းကိုယ်စားလှယ်ဖြစ်သော သံအမတ်ကြီး၏ လက်ရှိတာဝန် ရာထူးနေရာကို UNGA မှ မဖြစ်မနေ ဆက်လက်ထားရှိ ထိန်းသိမ်းရမည် ဖြစ်သည်။

ရောက်မည်ဖြစ်ပြီး စစ်အုပ်စု၏ အကြမ်းဖက်မှုနှင့် ဥပဒေမဲ့ အာဏာလုယူရန် ကြိုးပမ်းမှု တို့ကိုလည်း အားပေးရာရောက်မည် ဖြစ်သည်။

ထို့ကြောင့် သံအမတ်ကြီး ဦးကျော်မိုးထွန်းကို ၎င်း၏ လက်ရှိတာဝန် ရာထူးနေရာဖြစ်သော မြန်မာနိုင်ငံ၏ UN ဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်အဖြစ် ဆက်လက်ထားရှိရန် UNGA အဖွဲ့ဝင်များအား မိမိတို့မှ တိုက်တွန်း တောင်းဆိုလိုက်ပြီး ဤကိစ္စရပ်အပေါ်တွင်လည်း လူကြီးမင်းတို့၏ ထောက်ခံမှုကို တောင်းခံလိုက်သည်။

ဤတင်ပြတောင်းခံမှုအပေါ် နှစ်လိုဖွယ်သော တုန့်ပြန်မှု ရရှိလိမ့်မည်ဟု မိမိတို့မှ မျှော်လင့်ပါသည်။

လေးစားစွာဖြင့်

မြန်မာနိုင်ငံနှင့် နိုင်ငံတကာမှ  အရပ်ဘက်လူထုအဖွဲ့အစည်းများ ၃၅၈ ဖွဲ့

**လက်မှတ်ရေးထိုးသော အဖွဲ့အစည်းများ**

1. 8888 Generation (New Zealand)
2. Action Committee for Democracy Development
3. Activists group for Human Rights ‘BARAM’
4. Advocates for Public Interest Law
5. Airavati Organisation
6. Akbayan Citizens' Action Party, Philippines
7. All Arakan Students and Youths Congress
8. Alternative Solutions for Rural Communities (ASORCOM)
9. ALTSEAN-Burma
10. America Rohingya Justice Network
11. American Baptist Churches USA
12. Ananda Data
13. Anti Dictatorship in Burma-DC Metropolitan Area
14. Arakan Institute for Peace and Development
15. Arakan Rohingya Union
16. ASEAN Parliamentarians for Human Rights
17. ASEAN SOGIE Caucus
18. Asia Center
19. Asia Justice and Rights (AJAR)
20. Asia Pacific Solidarity Coalition (APSOC)
21. Asian Companions Against Brutality
22. Asian Dignity Initiative
23. Asian Forum for Human Rights and Development (FORUM-ASIA)
24. Assistance Association for Political Prisoners (AAPP)
25. Association for Human Rights Defenders and Promoters (HRDP)
26. Association of Women for Awareness & Motivation (AWAM)

27. Athan - Freedom of Expression Activist Organization
28. Auckland Kachin Community Inc.
29. Auckland Zomi Community
30. Aung Lan Phyu
31. Australia Karen Organisation
32. Backpack Health Workers Team
33. Balaod Mindanaw
34. Baptist World Alliance
35. Better World
36. Boat People SOS
37. BOOM Womyn
38. Boston Free Burma
39. Bucheon St. Mary's Hospital Branch of KHMU
40. Buddhist Ecological Contents Institute
41. Buddhist Solidarity for Reform
42. Bukluran ng Manggagawang Pilipino (BMP -Solidarity of Filipino Workers), Philippines
43. Burma Action Ireland
44. Burma Campaign UK
45. Burma Human Rights Network
46. Burma Medical Association
47. Burma Monitor (Research and Monitoring)
48. Burma Task Force
49. Burmese American Millennials
50. Burmese Democratic Forces
51. Burmese Muslim Association
52. Burmese Women's Union
53. Bytes for All
54. Calgary Karen Community Association (CKCA)
55. Campaign for a New Myanmar
56. Carmelite Missionary
57. Center for Freedom of Information
58. Center for Military Human Rights Korea
59. Center for Social Science and Sustainable Development, Chaing Mai University
60. Center for Youth Advocacy and Networking (CYAN) - Philippines
61. Central European Institute of Asian Studies
62. CHANGJAK21
63. Chin Community of Auckland
64. Chin Community of USA-DC Area
65. Chin Family Group
66. Chin Leaders of Tomorrow (CLT)
67. Christian Freedom International
68. Christian Solidarity Worldwide
69. Citizens Life & Environment Conference
70. Civil Rights Defenders (CRD)
71. Civil Society Forum for Peace (CSFoP)
72. Climate Change Working Group

73. CMCMC
74. Coalition to Abolish Modern-day Slavery in Asia (CAMSA)
75. Colors Rainbow
76. Commission on JPIC, Korea Province, Society of Jesus
77. Committee of Justice, Peace and Ecology of the Catholic Religious Men in Korea
78. Community Organizations Network for Education & Training
79. Community Resource Center (CRC)
80. Community Resource Centre
81. Critic CCC
82. Cross Cultural Foundation (CrCF), Thailand
83. CRPH/NUG Supporters (Austria)
84. DEEKU, the Karenni Community
85. Democracy for Ethnic Minorities Organization
86. Democracy for Myanmar - Working Group (NZ)
87. Democracy, Peace and Women's Organization – DPW
88. Edmonton Karen Community Youth Organization
89. ETOs Watch Coalition
90. European Karen Network (EKN)
91. Federal Myanmar Benevolence Group (NZ)
92. Finland Karen Culture Association
93. Food Security Working Group
94. Fortify Rights
95. ForumCiv
96. Free Burma Action Bay/ USA/ Global
97. Free Burma Campaign (South Africa)
98. Free Myanmar Campaign USA
99. Freedom and Labor Action Group
100. Freedom, Justice, Equality for Myanmar
101. Friends Against Dictatorship (FAD)
102. Future Light Center
103. Future Thanlwin
104. Ganghwa People's Network (GHPN)
105. Generation Wave
106. German Solidarity with Myanmar Democracy
107. Global Centre for the Responsibility to Protect
108. Global Justice Center
109. Global Movement for Myanmar Democracy (GM4MD)
110. Global Partnership for the Prevention of Armed Conflict-Southeast Asia (GPPAC-SEA)
111. Globe International Center
112. Green Party Korea
113. Green Peasant Institute
114. Greendoor
115. GZO Peace Institute – Philippines
116. Hakha Thar Nubu
117. Happy Class Meditation Community
118. Human & Welfare Books

119. Human Rights and Development Foundation (HRDF), Thailand
120. Human Rights Foundation of Monland
121. Hyungmyung Foundation
122. HyunJang Academy
123. In Defense of Human Rights and Dignity Movement (iDEFEND)
124. INCHEON NGO NETWORK
125. Incheon Regional Office of KHMU
126. Incorporated Organization Shilcheon Bulgyo
127. Info Birmanie
128. Initiatives for International Dialogue
129. Institute for Asian Democracy
130. Institute of Korean Feminist Integral Studies for Faith
131. Inter Pares
132. International Campaign for the Rohingya
133. International Christian Concern
134. International Federation for Hurman Rights (FIDH)
135. International Migrants Cultural Institute
136. International Network of Engaged Buddhists (INEB)
137. Inter-religious Climate and Ecology Network
138. Jacob Blaustein Institute for the Advancement of Human Rights
139. JASS Southeast Asia
140. Jeju Peace Human Rights Institute WHAT
141. Jesuit Research Center for Advocacy and Solidarity
142. Jesusalgi
143. Joint Countermeasures Committee for Freedom of Expression and Press Repression
144. JPIC Commission in The Association of Major Superiors of Women Religious in KOREA
145. JPIC-Sisters of Charity of Seton Hill
146. Justice for All
147. Kachin Alliance
148. Kachin National Organization USA
149. Kachin Peace Network (KPN)
150. Kachin Refugee Committee (KRC)
151. Kachin State Women Network (KSWN)
152. Kachin Women's Association Thailand
153. Kansas Karenni Community
154. Karapatan Alliance Philippines
155. Karen American Association of Wisconsin
156. Karen Association of Huron, South Dakota
157. Karen Community Association UK
158. Karen Community in Norway (KCN)
159. Karen Community of Canada (KCC)
160. Karen Community of Czech Republic
161. Karen Community of Finland
162. Karen Community of Hamilton
163. Karen Community of Iowa
164. Karen Community of Ireland

165. Karen Community of Israel
166. Karen Community of Kansas City (KS & MO)
167. Karen Community of Kitchener & Waterloo
168. Karen Community of Leamington
169. Karen Community of Lethbridge
170. Karen Community of London
171. Karen Community of Minnesota
172. Karen Community of Ottawa
173. Karen Community of Regina
174. Karen Community of Saskatoon
175. Karen Community of Thunderbay
176. Karen Community of Toronto
177. Karen Community of Windsor
178. Karen Community of Winnipeg
179. Karen Community Society of British Columbia (KCSBC)
180. Karen Environmental and Social Action Network
181. Karen Human Rights Group
182. Karen Organization of America
183. Karen Peace Support Network
184. Karen Rivers Watch
185. Karen Swedish Community (KSC)
186. Karen Thai Group
187. Karen Women's Organization
188. Karen Youth Networks
189. Karen Youth of Norway
190. Karen Youth of Toronto
191. Karen Youth Organization
192. Karenni American Association (KnA)
193. Karenni Civil Society Network
194. Karenni Community of Bowling Green (KY)
195. Karenni Community of Des Moines (IA)
196. Karenni Community of Georgia
197. Karenni Community of Indianapolis
198. Karenni Community of Massachusetts
199. Karenni Community of Minnesota
200. Karenni Community of Missouri
201. Karenni Community of New York
202. Karenni Community of North Carolina
203. Karenni Community of Portland, OR
204. Karenni Community of Taxes
205. Karenni Community of Wisconsin
206. Karenni Human Rights Group
207. Karenni National Women's Organization
208. Karenni Society New Zealand
209. Karenni Society of Minnesota (NE)
210. Karenni-American Catholic Association

211. Kaung Rwai
212. Kayaw Women Association
213. Keng Tung Youth
214. KijamiiTable
215. Korea Democracy Foundation
216. Korea Institute for Religious Freedom
217. Korea Karen Organization
218. Korea Karen Youth Organization
219. Korea Migrants Friendship Solidarity SHALOMHOUSE
220. Korea Wetlands NGO Network (KWNN)
221. Korean Civil Society in Solidarity with Rohingya
222. Korean House for International Solidarity
223. Korean Solidarity for Overseas Community Organization
224. KPTU SEOUL
225. Latsinu Women Agency
226. Law and Society Trust, Sri Lanka
227. Let's Help Each Other
228. Little Servants of the Holy Family (Uijeongbu Province)
229. Los Angeles Rohingya Association
230. Madang for Life and Peace
231. Maldivian Democracy Network (MDN)
232. Media Christianity
233. Menrihei
234. Metta Campaign Mandalay
235. Migrants Trade Union
236. MilkTea Alliance Philippines
237. MINBYUN - Lawyers for a Democratic Society International Solidarity Committee
238. Mindanao Peace Weavers (MPW), Philippines
239. Mindanao Peacebuilding Institute Foundation, Inc.
240. Muslim of Myanmar Multi-Ethnic Consultative Committee (MMMCC)
241. Myanmar Accountability Project (MAP)
242. Myanmar Action Group Denmark
243. Myanmar Advocacy Coalition
244. Myanmar Community Austria
245. Myanmar Community in the Czech Republic
246. Myanmar Cultural Research Society
247. Myanmar Doctors For Human Rights Network
248. Myanmar Engineers - New Zealand
249. Myanmar Gonye (New Zealand)
250. Myanmar Helping Citizens' Group
251. Myanmar Network in KOREA
252. Myanmar People Alliance (Shan State)
253. Myanmar Students' Union in New Zealand
254. National Clergy Conference For Justice and Peace
255. Nationalities Alliance of Burma
256. NeT Organization

257. Network for Advocacy Action and Women Network (Tanintharyi)
258. Network for Human Rights Documentation – Burma (ND-Burma)
259. Never Again Coalition
260. New Bodhisattva Network
261. New York City Burmese Community
262. New Zealand Doctors for NUG
263. New Zealand Karen Association
264. New Zealand Zo Community Inc.
265. No Business with Genocide
266. Nyan Lynn Thit Analytica
267. OFM KOREA JPIC
268. Olive Organization
269. Oversea Karen Organization Japan
270. Overseas Mon Association, New Zealand
271. Pakokku Youth Development Council (PYDC)
272. Pa-O Women's Union
273. Pa-O Youth Organization
274. Partido Lakas ng Masa (PLM - Party of the Laboring Masses), Philippines
275. Partido Manggagawa (Labor Party-Philippines)
276. Pax Christi Institute
277. Peace Ground
278. Peace Women Partners, Philippines
279. Peace-Life Forum
280. PEN Myanmar
281. People, not profit
282. People's Empowerment Foundation (PEF) – Thailand
283. People's Initiative for Development Alternatives (PIDA)
284. People's Watch
285. People's Action Against Dictator Chun Doo-hwan
286. People's Solidarity for Participatory Democracy (PSPD)
287. Philippine Alliance of Human Rights Advocates (PAHRA)
288. Pinagkaisang Galaw at Lakas ng Kababaihan (PIGLAS-KABABAIHAN), Philippines
289. Poverty Elimination and Community Education (PEACE) Foundation
290. Progressive 3.0
291. Progressive Voice
292. Pyithu Gonye (New Zealand)
293. Refugees International
294. Rights Beyond Border (RBB)
295. Rock Island Karen Community
296. Rohingya Welfare Organisation New Zealand
297. Rvwang Community Association New Zealand
298. Saferworld
299. Sami Chin Women Organization
300. Save and Care Organization for Ethnic Women at Border Areas
301. Save Myanmar (New Zealand)
302. SEA Junction

303. sebasa
304. Secondary School Branch in Goyang of Korea Teachers' Union
305. Sentro ng mga Nagkakaisa at Progresibong Manggagawa (SENTRO), Philippines
306. Seongnam City Committee of the Youth Justice Party
307. Seongnam YMCA
308. Shan Community (New Zealand)
309. Shan MATA
310. Solidarity for Another World
311. Southern Youth Development Organization
312. Spirit in Education Movement (SEM)
313. Spring Revolution Interfaith Network
314. steppingstone
315. Stop the War Coalition Philippines
316. Students for Free Burma
317. Suara Rakyat Malaysia (SUARAM)
318. Sungmisan School Post-secondary
319. Support the Democracy Movement in Burma
320. Supporters Group for Migrant Workers Movement
321. Sustainability and Participation through Education and Lifelong Learning (SPELL), Philippines
322. Swedish Burma Committee
323. Swedish Foundation for Human Rights
324. Swedish Rohingya Association
325. Synergy – Social Harmony Organization
326. Ta'ang Legal Aid
327. Task Force Detainees of the Philippines (TFDP)
328. Taunggyi Youth Center
329. Thai Allied Committee with Desegregated Burma Foundation (TACDB)
330. Thai Volunteer Service (TVS)
331. The April 9 Unification & Peace Foundation
332. The Burmese American Community Institute (BACI)
333. The Burmese Rohingya Association of North America
334. The Burmese Rohingya Community of Georgia
335. The Declaration of Global Citizens
336. The Korean Council for Justice and Remembrance for the Issues of Military Sexual Slavery by Japan
337. The Labor Union of Jogye order
338. The May 18 Memorial Foundation
339. The Mekong Butterfly
340. The Sound of Hope
341. Think Centre
342. Thint Myat Lo Thu Myar
343. Timor-Leste Youth and Young Journalist Peace Culture Center
344. U.S Advocacy Coalition for Myanmar (USACM)
345. Union Aid Abroad-APHEDA
346. Union For Civil Liberty (UCL), Thailand
347. Union of Karenni State Youth
348. Unitarian Universalist Association

349. Unitarian Universalist Service Committee (UUSC)
350. United States Campaign for Burma
351. Victorian Myanmar Youth (VMY)
352. Vocation Office of Catholic Diocese of Daejeon, South Korea
353. Women Advocacy Coalition – Myanmar
354. Women's League of Burma
355. Women's Peace Network
356. Wonders International
357. Youth Justice Party, Gyeonggi Province Party
358. Youth of KimDae-jung Foundation